

စိုးမိုး စာပေ

# ရှင်မြတ်နိုး

## မြတ်နိုးမှုနဲ့ သက်ဆုံးတိုင်

L လင်း

အချစ်မှာ ...

ရယူပိုင်ဆိုင်တာရော၊ စွန့်လွှတ်ပေးဆပ်တာရော ရှိတယ်ဆိုရင်

သေချာတယ်ခရမ်းပြာ ...

ကိုယ်က ...

ရယူခြင်းအတွက်ပဲ ရှေ့ဆက်မှာ ။

(သူရိယ)

*

## အခန်း (၁)

ခရမ်းပြာဆိုတဲ့ သူမဘဝမှာ ...

ရင်ခုန်ခြင်းဆိုတဲ့ အရာကို စတင်တွေ့ရှိခံစားခွင့်ရလိုက်သော အချိန်သည် သူများ တကာတွေ လို ရောင်စုံကာလာဒီဇိုင်းများ နှင့် ပြုံးပျော်ရွှင်စွာ သွားလာနေကြသော လူစည်ကားသည့် ကုန်တိုက် ကြီးတစ်ခုတွင် မဟုတ်ခဲ့သလို သူငယ်ချင်းများ နှင့် တပျော်တပါး လည်ပတ်သွားလာခဲ့ကြသော ရုပ်ရှင်ရုံ၊ ပန်းခြံ၊ ကစားကွင်းများ တွင် လည်း မဟုတ်ခဲ့ချေ။

သွေးတွေသံတွေရဲရဲနှင့် နာကျင်စွာ ညည်းညူသူတွေ၊ စိုးရိမ်ပူပန်မှုတွေနှင့် လှုပ်ရှားသွားနေကြ သူတွေ၊ ပိုက်တန်းလန်းနှင့် ဆေးပုလင်းတွေချိတ်ပေးနေကြသော ဂျူတီကုတ်အဖြူရောင် ဝတ်ဆင် ထားသော

ဆရာဝန်၊ ဆရာမတွေ၊ ထဘီအပြာရောင် အနီရောင်ဝတ် နပ်(စ)မတွေ၊ သန့်ရှင်းရေးနှင့် ဂိတ်စောင့်အလုပ်သမားတွေ စုရုံးနေသော ရန်ကုန်ပြ ည်သူ့ဆေးရုံကြီး၏ ဦးနှောက်နှင့် အာရုံကြော ဘက်ဆိုင်ရာ အဆောင် လေးတစ်ခုတွင် ပဲဖြစ်သည် ။

"ခရမ်း"

အငိုရိပ်ကြောင့် မျက်လုံးနှစ်ဘက်လုံး မို့အစ်ဖောင်းကာနေသော သူ ငယ်ချင်းဖြစ်သူ စုသဲ ခေါ်သံကြောင့် သူမကြည့်မိတော့

"နင် ... ဒီည ငါနဲ့ အဖော်စောင့်ပေးပါလားဟာ၊ ဘာပဲပြောပြော နင် ရှိနေတာ ငါ့အတွက် အားရှိသလိုပဲ ခံစားနေရတယ် ခရမ်းရယ်၊ ဖြစ်နိုင် ရင် ဒီညတစ်ညလောက်တော့ ငါနဲ့ အတူ စောင့်ပေး ပါဟယ်နော်"

ခရမ်းပြာရဲ့ မျက်ဝန်းလေးတွေ ပြူးဝိုင်းသွားရသည် ။ ဒီကိုလိုက်လာ တာ ညအိပ်စောင့်ဖို့ ဆိုတဲ့ အစီအစဉ် တစ်စက်ကလေးမှ ပင် ပါမလာခဲ့ ချေ။ သူငယ်ချင်းစုသဲက သူမတို့ အိမ် အလည်အပတ်လာ ရင်း စုသဲတို့ အိမ်က ဆေးရုံကို အမြန်လိုက်လာခဲ့ဆိုသည့် အမှာ စကားကြောင့်သာ ခ ရမ်းပြာလည်း အမေ့ဆီ ခဏခွင့်တောင်းပြီး စုသဲနဲ့ လိုက်လာခဲ့တာလေ။

ခုတော့ ...

ညအိပ်စောင့်ပေးပါတဲ့ ။ ခရမ်း ဘယ်လိုပြန်အဖြေပေးရမှန်းပင် မသိ ချေ။ ခရမ်း အမေ့ကို လည်း ဘာမှ မပြောရသေးပါ။ သေချာတာကတော့ အမေက ခွင့်ပြုမှာ မဟုတ်ဘူး ဆိုတာပါပဲ။ အမေက သူမ တစ်နေကုန် တစ်နေခမ်း သူငယ်ချင်းတွေနဲ့ ဘယ်လောက်ပဲ လည်ပတ်နေနေ ညအိပ် သည့်အထိ တော့ လုံးဝခွင့်မပြုတတ်ချေ။

ခက်တာက စုသဲအကြောင်းကိုလည်း အသိဆုံးဖြစ်နေတဲ့ သူမ ငြင်းပ

ယ်ရမှာ လည်း အားနာ နေမိသည် ။ စုသဲ အရမ်းကို ခက်ခဲလွန်းလို့ သာ ထိုအကူအညီကို တောင်းခြင်းဆိုတာလည်း သူမ အသိ ဆုံးပါပဲ။

စုသဲအဖေက နယ်မှာ တာဝန်ကျနေတာလေ။ ရန်ကုန်မှာ စုသဲနဲ့ သူ့အမေပဲရှိသည် ။ တစ်ဦး တည်းသောသမီးဖြစ်တဲ့ စုသဲတစ်ယောက်သာရှိတာမို့ အခုလို မထင်မှတ်ဘဲ သူ့အမေ ကားအက်စီးဒင့် ဖြစ်ပြီး ဆေးရုံရောက်တော့ စောင့်ပေးမယ့်ဆွေမျိုးသားချင်း အဖော်မရှိချေ။

စုသဲရဲ့ ဆွေမျိုးတွေက မော်လမြိုင်ဘက်မှာ ဆိုတာတော့ သူမသိသည် ။ စုသဲ လှမ်းအကြောင်း ကြားထားပေမယ့် ဒီညနေမှ သူတို့ ကားစီးလျှင်တောင် မနက်ဖြန်မနက်ပိုင်းလောက်မှ ရောက်လာကြ ပေလိမ့်မည် ။ အိမ်နီးနားချင်းတွေကလည်း စုသဲတို့ သတင်းကြားတော့ အဖော်အဖြစ် လိုက်လာပေးကြ ပေမယ့် တကယ်တမ်း ညစောင့်အိပ်ပေးဖို့ ကျတော့ ခက်ခဲနေကြသည် ။

ဒါကလည်း ...

သူတို့ ကို အပြစ်မြင်လို့ မရပါ။ သူတို့ မှာ လည်း သူတို့ အကြောင်းနဲ့ သူတို့ လေ။ အခုလို ဖြစ်ဖြစ် ချင်း ဆက်သွယ်အကြောင်းကြားတာရော လိုက်ပါလာပေးတာပင် ကျေးဇူးတင်စရာကောင်းနေချေ ပြီ။

မဟုတ်လျှင် ...

စုသဲတစ်ယောက် သူ့အမေ အခုလိုဖြစ်တာပင် သိမည်မဟုတ်ချေ။ စုသဲအမေ အပြင်ထွက် တုန်း ကားငှားစီးခဲ့သော တက္ကစီကားနှင့် ဒိုင်နာလိုင်းကားတို့ တိုက်မိရာမှ အခုလိုဖြစ်ပြီး ဆေးရုံပို့ခဲ့ ရခြင်း ဖြစ်၏။ ထိုအဖြစ်ကို စုသဲတို့ ရပ်ကွက်ထဲက ကောင်လေးတစ်ယောက်ကမြင်ပြီး အကြောင်း ကြားပေးခဲ့တာပဲ ဖြစ်၏။

စုသဲနဲ့ သူမ ချက်ချင်း ပိုက်ဆံတွေယူပြီး ဆေးရုံကြီးရဲ့ ပြင်ပလူနာဌာနကို ရောက်သွားတော့ ဦးနှောက်နဲ့ အာရုံကြောဘက်ဆီမှာ ရှိနိုင်တယ်ဆို၍ လိုက်သွားခဲ့ကြသည် ။

သူမတို့ ရောက်သွားတော့ အခင်းအကျင်းမဲ့၊ လူနာတင်ခုတင်လေးထက်မှာ တင်ထားသည့် စုသဲရဲ့ အမေက သွေးသံရဲရဲနှင့် ခုတင်လေးပေါ်မှာ လဲလျောင်းလို့ ။ မြင်မြင်ရခြင်း ရင်ထဲမှာ ပင် နင့်ခနဲ ဖြစ်သွားရသည် ။

သူ့အမေရဲ့ အဖြစ်ဆိုးကို မြင်တော့ စုသဲ တအီးအီးငိုတော့၏။ သူငယ်ချင်းကိုဖက်ပြီး အားပေးနှစ်သိမ့်ရသူက ခရမ်းပြာရယ်ပါ။ အန်တီ ရီရီစုရဲ့ အဖြစ်ကို သူမပင် မမြင်ရက်ချေ။ သူငယ်ချင်း စုသဲငိုတော့ သူမပင် မျက်ရည်ဝဲရသေးသည် ။

"ခရမ်း"

"ဟင်"

"အန်တီမွန်ကို ဖုန်းလှမ်းဆက်ပြီး ခွင့်တောင်းလိုက်ပါလား ခရမ်းရယ်၊ ဒီမှာ ငါတစ်ယောက် တည်းဖြစ်နေလို့ ပါ၊ အန်တီမွန် ခွင့်ပြုမှာ ပါ"

စုသဲက မျက်နှာငယ်လေးနှင့် တောင်းပန်ရှာ၏။ ခရမ်းပြာမငြင်းရက် ။ စုသဲနဲ့ သူမက တက္ကသိုလ်ပထမနှစ်တက်မှ ခင်မင်ခဲ့ကြသော သူငယ်ချင်းများ ဖြစ်ပေမယ့် တကယ့် ငယ်ပေါင်းကြီး ဖော်လိုပင် ခင်တွယ်ခဲ့ကြသည် ။

တခြားသူငယ်ချင်းတွေလည်း တွဲတာပါပဲ။ သို့ပေမယ့် စုသဲနှင့်တော့ အမြဲမခွဲ တတွဲတွဲနေခဲ့ သည် ။ စုသဲအိမ်မှာ သူမလည်ပတ်စားသောက်ပြီး နေတတ်သလို စုသဲကလည်း ခရမ်းပြာအိ

မ်မှ၁ ဝင်ထွက်သွားလာစားသောက်တတ်မြဲ။ ညီမရင်းချာတွေလိုပင်ရှိသော စုသဲနှင့် ခရမ်းပြာတို့ ရဲ့ တွယ်တာမှုကို အမေကပင်ကျေနပ်ပီတိဖြစ်နေသည် ။

စုသဲရဲ့ နေထိုင်မှုနဲ့ အကျင့်စာရိတ္တကြောင့်လည်း စိတ်ချနေခြင်း ဖြစ်၏။ တစ်ဦးတည်းသော သမီး သူမအတွက် ထိုက်တန်သော သူငယ်ချင်း အဖော်မို့လည်း ဘာမှ မပြောဘဲ နေကြသည် ။

"ခရမ်း"

"အေးပါဟယ် ... ငါ အမေ့ဆီ ဖုန်းလှမ်းဆက်ပြီး ခွင့်တောင်းလိုက်ပါ့မယ်"

"ကျေးဇူးပါပဲဟာ"

"ရပါတယ် စုသဲရယ်"

ကတိသာပေးလိုက်ရတာ စိတ်ထဲမှာ တော့ တထင့်ထင့်။

အမေ့ကိုပြောလို့ ရပ့ါမလားဆိုတဲ့ စိုးထိတ်မှုက သူမရင်ကို ပေါ့ပါးမသွားချေ။

"ဒါ ... ဒေါ်ရီရီစုနော်"

မေးသံသြရှရှချိုချိုလေးကြောင့် အတွေးများ နှင့် နစ်မျောနေသော ခရမ်းပြာရဲ့ မျက်ဝန်း အကြည့်လေးမှာ အသံရှင်ဆီ ဖျတ်ခနဲ ရောက်သွား၏။ စိမ်းပြာရောင် ရှပ်လက်ရှည်ပြောင်ပေါ် ဂျူတီ ကုတ်အဖြူရောင်လေး ထပ်ဝတ်ကာ ပုဆိုးကွက်စိပ် စိမ်းပုပ်ရောင်နှင့် ဆရာဝန်တစ်ယောက်။

ဖြူနုသောအသားအရေ၊ မြင့်မားသောအရပ်အမောင်းနှင့် တောင့်တ

င်းသော ခန္ဓာကိုယ်က ဝတ်ထားသော အဝတ်အစားအရောင်နှင့် လိုက်ဖက်စွာပင် ရှင်းသန့်နေသည် ။ မျက်နှာက သိပ်ပြီး စွဲအားကောင်းစွာ ညှို့ယူမှုအင်အား မပြင်းပြပေမယ့် ကြင်နာသနားတတ်သော သူ့မျက်ဝန်းတွေ ကြောင့် စွဲဆောင်မှုတစ်ခု ရှိနေခဲ့သည် ။

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒေါ်ရီရီစုပါ"

ဖြေသူက စုသဲပဲဖြစ်သည် ။

စုသဲဆီသာ ကြည့်ပြီးမေး၏။

"ဟုတ်ကဲ့ ... ဒေါက်တာ"

စုသဲက ခေါင်းညိတ်ပြပြီးပြန်ဖြေတော့ ခြေရင်းတွင် တင်ထားသော လူနာမှတ်တမ်းစာရွက် လေးကို ညင်သာစွာ ကောက်ယူပြီး ဖတ်နေ၏။

"ဝယ်ခိုင်းထားတဲ့ ဆေးတွေရှိတယ်၊ ဝယ်ပြီးပြီလား"

"ဟုတ်ကဲ့ ... ဝယ်ပြီးပါပြီဒေါက်တာ"

"ဒါဆို ကြည့်ရအောင်၊ ဆေးတွေပြပါဦး"

ဆရာဝန်က လူနာမှတ်တမ်းလေးကိုသာ ကြည့်ရင်း သူမတို့ ဆီမကြည့်ဘဲ ပြောနေသည် ။

စုသဲက လူနာတင်ခုတင်နံဘေးက သစ်သားခုံပုလေးပေါ်မှာ တင်ထားသော ဆေးပုလင်းများ ထည့်ထားသည့် အိတ်လေးကိုဖွင့်ကာ ဆရာဝန်ကိုပြသည် ။

ဆရာဝန်က ဆေးဗူးများကို တစ်ခုချင်းထုတ်ယူလိုက်၊ မှတ်တမ်းတွင် ရေးထားသောစာနှင့် တိုက်ကြည့်လိုက် ခုတင်လေးပေါ် ပြန်ချလိုက်နှင့် သေချာပင် စစ်ဆေးနေ၏။ ဝယ်ထားတာတွေ အားလုံး မှန်ပြီဆိုမှ စာရွ

က်လေးကို ခုတင်ခြေရင်း သံတိုင်တန်းတွင် ချိတ်တင်ပြီး ...

"အင်း ... အားလုံးမှန်တယ်"

ဆေးတွေစစ်ဆေးပြီးတာနှင့် နာ့(စ်)အနီရောင်ဝတ် ဆရာမလေးက ဆေးသွင်းဖို့ လုပ်တော့ သည် ။

ခရမ်းပြာ မှ င်သက်စွာငေးကြည့်နေမိသည် ။ ဆရာမလေးက လိပ်ပြာတောင်ပံလေးလို ဆေးထိုးအပ်ကို အကြောထဲသွင်းသည် ။ အနီရောင်ဝတ် နာ့(စ်)မလေးရဲ့ လက်တစ်စုံက ကျွမ်းကျင်စွာ ပင် ဆေးသွင်းဖို့ ပြင်ဆင်နေ၏။ ဂျူတီကုတ်ဝတ်ထားသော ဆရာဝန်တစ်ယောက် သူ့ အနီးသို့ ရောက် လာသည် ကို သူတစ်ချက်သာ မော့ကြည့်ပြီး ပြုံးပြသည် ။

"ဆေးသွင်းရမှာ လား"

"အင်း"

အပြာရောင်ဝတ် နာ့(စ်)မလေးကတော့ ဆေးရည်ကြည်ကြည်များ ထည့်ထားသော ကော်ဘူး ကြည်လေးကို ယူကာ ဆေးပိုက်ရှည်မှ အပ်တံနှင့် ထိုးဖောက်၏။ ပိုက်တွင် ပါသော ဘီးကလေးကို လိုအပ်သလောက် ချိန်ကာ အကြောထဲ ထိုးသွင်းထားသော လိပ်ပြာအပ်ရှိ ဆေးသွင်းပေါက်တွင် တပ်၏။ လူနာခုတင်ဘေးတွင် ရှိသော ထောက်တိုင်လေးတွင် ချိတ်ဆွဲထားသည့် ဆေးဘူးလေး၏ အထက်နားတွင် အသုံးပြုထားသော အပ်တစ်ချောင်းကို တိုးစိုက်လိုက်သေးသည် ။ ဒါကို ထိုဆရာဝန် နှစ်ယောက်စလုံး ရပ်ကြည့်လို့ နေ၏။

"ကြယ်စင်"

"ဟင်"

"ဒီနေ့ ... မင်းဂျူတီမဟုတ်လား"

"အင်း"

သူ့ကြည့်ရတာ အင်မတန် စကားနည်းသည် ထင်သည် ။ အခုချိန်ထိ သူ ဟက်ဟက်ပက်ပက် စကားပြန်ပြောတာမျိုး သူမ မတွေ့ရသေးချေ။

သူ့ကိုကြည့်ရတာ အလုပ်ကိုပဲ စိတ်ဝင်တစား အလေးထားပုံပါပဲ။ နံဘေးက ဆရာဝန် သူငယ်ချင်းလေးကိုပင် အာရုံထဲမထားနိုင်။ သူ့အလုပ် သူ ပြီးစီးအောင်သာလုပ်နေ၏။ ဆေးသွင်းပြီး တော့ သောက်ဆေးကဒ် တွေကိုထုတ်ကာ ဆေးကဒ်ပေါ်တွင် အကြိမ်အရေအတွက်များ ရေးပေးနေ သော ဆရာမလေးကို စိတ်ချစွာထားခဲ့ကာ ထွက်သွားဖို့ ဟန်ပြင်သည် ။

ခရမ်းပြာ

ကြယ်စင်ဆိုသော ဂျူတီကုတ်အဖြူရောင်လေးနှင့် ဆရာဝန်လေးဆီ မျက်တောင်ခတ်ဖို့ ပင် သတိမထားနိုင်လောက်အောင် စိုက်ကြည့်နေမိသည် ။ ဘာကြောင့်မှန်းမသိ သူမစိတ်ထဲ တစ်မျိုးလေး လှုပ်ရှားနေရ၏။ တည်ကြည်ခန့်ညားသော သူ့အသွင်က စိတ်ဝင်စားစရာတစ်ခုအဖြစ် သူမ စိတ် အစဉ်ကို ဖမ်းစားနေခဲ့သည် ။

သူမ ...

ရင်တွေခုန်နေသလား။

တိုရှင်းသောဆံပင်နှင့် ရှပ်ကော်လံကြားမှ ဖြူနုနေသော လည်ဂုတ် လေးကို ငေးကြည့်ကာ စိတ်အလှုပ်ရှားကြီး လှုပ်ရှားနေခဲ့ရသည် ။

ကြယ်စင်တဲ့ ။

ဒေါက်တာကြယ်စင်ပေါ့။

နာမည်လေးနဲ့ လိုက်ဖက်အောင်ပင် သူ့အသွင်က ရွှန်းစိုတောက်ပ ကာ လက်ဖြာနေသော ကြယ်ပွင့်လေးတစ်လုံးလိုပါပဲ။

သေချာတာက ခရမ်းပြာ ဒီဆေးရုံအဆောင်ကနေ မခွာချင်ဘူးဆို တာပဲဖြစ်သည် ။ စုသဲအမေ ကို စောင့်ကြည့်ဖို့ ထက် ကြယ်စင်ဆိုတဲ့ ဒေါ က်တာချောချောလေးကို မြင်တွေ့နေချင်သည့်စိတ်က ဆွဲအားတစ်ခုလိုပ င် သူမကို တုပ်နှောင်လို့ ထားသည် ။

စုသဲသာသိရင်တော့ ကောင်းကောင်း ကြီးကျိန်ဆဲမှာ ပဲ။ သူ့အမေကြောင့် စိတ်မကောင်းဖြစ်နေ တာမဟုတ်လား။ သူမ အဖော်အဖြစ် ရှိနေပေးတာကို ကျေးဇူးတင်နေတဲ့ စုသဲ ဆရာဝန်ကြယ်စ င်ကို တွေ့မြင်ချင်သည့်စိတ်ကြောင့် စောင့်ပေးတာသာသိလျှင် ဆွေ့ဆွေ့ ခုန်ချေတော့မည်။

ခရမ်းပြာ

နံဘေးတွင် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေမိ၏။ သူမ မျက်နက်ဝန်း လေးတစ်စုံက စုသဲကို သေချာမှာ ကြားနေသော ဒေါက်တာကြယ်စင်ဆီ မှာ သာ အာရုံတွေက စူးစိုက်နေခဲ့သည် ။

သူမ ငေးမောကြည့်နေတုန်း မထင်မှတ်ဘဲ သူ့မျက်ဝန်းတစ်စုံက သူ မဆီ ဖျတ်ခနဲ ရွေ့လာ၏။ မျက်ဝန်းအကြည့်ချင်းဆုံသွားတော့ ရင်တွေဒိ န်းခနဲ ဆောင့်ခုန်ရသူက ခရမ်းပြာပါပဲ။

စူးရှထက်မြက်တာမဟုတ်တဲ့ သာမန်မျက်ဝန်းတစ်စုံရဲ့ အကြည့် အောက်တွင် သူမရဲ့ အမူအရာ က အနည်းငယ်ပျယ်ချင်သွားရသည် ။

သို့သော် ...

အေးဆေးတည်ငြိမ်လွန်းသော သူ့အသွင်က လူနာစောင့်တွေပဲဆိုတဲ့ အသိနဲ့ တစ်ဖက်သို့ ချက်ချင်းပြန်လှည့်ကာ လူနာခုတင်လေးအနီးကနေ သူငယ်ချင်းဖြစ်သူနှင့်အတူ သွက်လက်စွာပင် ကျောခိုင်းထွက်ခွာသွားတော့သည် ။

ထိုနေ့က ...

အန်တီရီရီစုအတွက် ညစောင့်ပေးပါရစေဆိုပြီး အမေ့ဆီ ဖုန်းဆက်ကာ သူမ ခွင့်တောင်းခဲ့ သည် ။ ဒီတစ်ခါတော့ အင်မတန် လူမှုရေးနားလည်သော အမေက တစ်စက်ကလေးမျှပင် ငြင်းပယ် ခြင်းမရှိ ကြည်ဖြူစွာပင် ခွင့်ပြုခဲ့၏။

အမေစိတ်ပူပြီးမေးတာက အန်တီရီရီစုရဲ့ အခြေအနေပါပဲ။ သူမသိပ်မသိနားမလည်ပေမယ့် အပြင်မှာ မြင်တွေ့ရသည့်အတိုင်း ပြောပြတော့ အမေကပင် စိတ်မကောင်းဖြစ်ကာ သေချာဂရုစိုက်ဖို့ မှာ နေသေးတော့သည် ။

ခရမ်းပြာ

နံဘေးတွင် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေမိ၏။ သူမ မျက်နက်ဝန်းလေးတစ်စုံက စုသဲကို သေချာမှာ ကြားနေသော ဒေါက်တာကြယ်စင်ဆီမှာ သာ အာရုံတွေက စူးစိုက်နေခဲ့သည် ။

သူမ ငေးမောကြည့်နေတုန်း မထင်မှတ်ဘဲ သူ့မျက်ဝန်းတစ်စုံက သူမဆီ ဖျတ်ခနဲ ရွေ့လာ၏။ မျက်ဝန်းအကြည့်ချင်းဆုံသွားတော့ ရင်တွေဒိန်းခနဲ ဆောင့်ခုန်ရသူက ခရမ်းပြာပါပဲ။

စူးရှထက်မြက်တာမဟုတ်တဲ့ သာမန်မျက်ဝန်းတစ်စုံရဲ့ အကြည့်အောက်တွင် သူမရဲ့ အမူအရာ က အနည်းငယ်ပျက်ချင်သွားရသည် ။

သို့သော် ...

အေးဆေးတည်ငြိမ်လွန်းသော သူ့အသွင်က လူနာစောင့်တွေပဲဆိုတဲ့ အသိနဲ့ တစ်ဖက်သို့ ချက်ချင်းပြန်လှည့်ကာ လူနာခုတင်လေးအနီးကနေ သူငယ်ချင်းဖြစ်သူနှင့်အတူ သွက်လက်စွာပင် ကျောခိုင်းထွက်ခွာသွားတော့သည် ။

ထိုနေ့က ...

အန်တီရီရီစုအတွက် ညစောင့်ပေးပါရစေဆိုပြီး အမေ့ဆီ ဖုန်းဆက်ကာ သူမ ခွင့်တောင်းခဲ့ သည် ။ ဒီတစ်ခါတော့ အင်မတန် လူမှုရေးနားလည်သော အမေက တစ်စက်ကလေးမျှပင် ငြင်းပယ် ခြင်းမရှိ ကြည်ဖြူစွာပင် ခွင့်ပြုခဲ့၏။

အမေစိတ်ပူပြီးမေးတာက အန်တီရီရီစုရဲ့ အခြေအနေပါပဲ။ သူမ သိပ်မသိနားမလည်ပေမယ့် အပြင်မှာ မြင်တွေ့ရသည့်အတိုင်း ပြောပြတော့ အမေကပင် စိတ်မကောင်းဖြစ်ကာ သေချာဂရုစိုက်ဖို့ မှာ နေသေးတော့သည် ။

ခရမ်းပြာ နှုတ်ခမ်းလေးတွေမှာ ခိုတွယ်လာသော အပြုံးရိပ်လေးတစ်ခု။ အမေ့ခွင့်ပြုချက်ရခဲ့ လို့ ပျော်ရွှင်ကြည်နူးခဲ့ရတာလေ။

ခုဆိုလျှင် ... သူမ ဆေးရုံကို ညစောင့်ခွင့်ရတော့မည်။

အိမ်ကို ပြန်စရာမလိုတော့။

ဒါဆိုလျှင် သူမ ဒေါက်တာကြယ်စင်ကို နောက်တစ်ကြိမ်ပြန်မြင်ခွင့်ရပြီလေ။

ထိုနေ့က သူမဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ ဖြစ်ပေါ်ဖူးခြင်းမရှိသည့် ရင်ခုန်ခဲ့ရ သည့်နေ့။

ထူးဆန်းလိုက်တာ။

သိပ်ကိုအံ့ဩစရာကောင်းတာပါပဲ။

*

# အခန်း (၂)

အမှန်ဆိုလျှင် ...

ဆေးရုံဆေးခန်းဆိုတာ သူမနှင့် အင်မတန် အလှမ်းကွာခြားလွန်းလှပါသည် ။ အနည်းငယ် နာဖျားလျှင်တောင် ဆေးထိုးခံရမှာ ကြောက်တဲ့ ခရမ်းပြာက အဖျားကျဆေးလေးကိုသာ ဝယ်သောက် ပြီး နလန်ထခဲ့သည် ချည်းပင်ဖြစ်သည် ။ အခုလို ဒဏ်ရာပြင်းပြင်းထန်ထန်နှင့် ဝေဒနာခံစားနေကြရ သောသူများကို မြင်တွေ့ရသည် မှာ ပထမဦးဆုံးအကြိမ်သာ ဖြစ်တာမို့ အထူးအဆန်းပင် ဖြစ်နေခဲ့ တော့၏။

ခရမ်းပြာတစ်ယောက် ...

တအံ့တသြမြင်နေရသော မြင်ကွင်းများကို ကြည့်ကာ ကြောက်လည်း ကြောက်၊ ထိတ်လည်း ထိတ်လန့်၊ သနားစာနာစိတ်များလည်း ဖြစ်နေရသည် ။ အန်တီရီရီစု စီးလာသော တက္ကစီကားနှင့် ပွတ်တိုက်မိကာ အရှိန်ပြင်းစွာ တိမ်းမှောက်သွားသော ဒိုင်နာကားပေါ်တွင် စီးနင်းလိုက်ပါလာသူများ အနက် သူမနှင့်ရွယ်တူလောက်ရှိသော ကောင်မလေးတစ်ယောက်သည် အင်မတန်မှ ပင် အခြေအနေ ဆိုးဝါးလွန်းပါသည် ။

သူမသည် အိမ်သားတွေကိုလည်း လုံးဝမသိ။ ပါးစပ်မှ လည်း ရေရွတ်ချင်ရာရေရွတ်နေ၏။ လက်မှာ လည်း သွင်းထားသော ဆေးပိုက်အပြင် ဆီးပိုက်ပါ ထည့်ထားရသည် ။

ထိုကောင်မလေးရဲ့ ခုတင်က အန်တီရီရီစု တင်ထားသော ခုတင်နှင့် မျက်စောင်းထိုးကလေး မှာ ရှိနေသည် ။ ကောင်မလေးအနီးတွင် ဆွေမျိုးသားချင်းများ ဝိုင်းရံနေ၏။ မအေဖြစ်ဟန်ရှိသူက မကြာမကြာ မျက်ရည်လေးစမ်းစမ်းကို သုတ်ကာ ငိုနေတတ်သည် ။ ဆရာဝန် ဆရာမတွေလည်း အမြဲ လိုလို ထိုခုတင်လေးအနား ရောက်ရောက်လာတတ်မြဲ။ ဆေးတွေ တစ်ခုပြီးတစ်ခု သူမပိုက်ကလေးထဲ အား ဆေးထိုးအပ်မှ တစ်ဆင့် သွင်းနေတာကိုလည်း မြင်ရသည် ။

"ခရမ်း"

"ဟင်"

"သူ့ကိုမြင်ရတော့လည်း ငါ့အမေရဲ့ အခြေအနေက တော်သေးပါလားဆိုပြီး ဖြေသိမ့်နေရ တယ်ဟာ"

"အင်းနော်"

ခရမ်း ခေါင်းလေးပဲ ညင်သာစွာညိတ်ပြပြီး ထိုကောင်မလေး၏ ခုတင်လေးဆီ စိတ်မောပန်း စွာ ကြည့်မိပြန်၏။ ဦးခေါင်းကို ပြင်းထန်စွာ ထိမိသွားသော ထိုကောင်မလေးသည် ဘယ်လိုမှ ကံမကောင်းနိုင်တော့ကြောင်းလည်း သိနေသည့်အတွက် ရင်ထဲနင့်သည်းသလို ခံစားနေရ၏။

"ခရမ်း"

"ဟင်"

"အဲဒီဒေါက်တာ တော်တော်ပင်ပန်းမှာ ပဲနော်၊ သူ့ကြည့်ရတာ တစ်ချိန်လုံး ပြေးလွှားနေရတာ ပဲ၊ သဘောကောင်းလို့ ထင်တယ်၊ ထစ်ခနဲဆို လူနာရှင်တွေက သူ့ကိုပဲ သွားသွားခေါ်လာကြတယ်၊ သူကလည်း တစ်ချ

က်ကလေးမှ ကို ငြီးငြူခြင်းမရှိဘူးဟယ်၊ ခပ်သုတ်သုတ်လိုက် လာပြီး ကြည့်ပေး တာပဲ”

စုသဲပြောတာ ဒေါက်တာကြယ်စင်ကိုလေ။

သူမလည်း အဲဒါကိုပဲ ကြည့်နေတာပါ။

သူမ စတွေ့တဲ့ အချိန်ကစပြီး ခုချိန်ထိသွားလိုက်၊ လာလိုက် လူနာတွေအတွက် လိုအပ်တာ တွေ လုပ်ပေးလိုက်နှင့် တစ်နေကုန် အေးအေးဆေးဆေး ထိုင်နေရသည် ဟု ပင် မတွေ့ရချေ။ သူ တော်တော်ပင်ပန်းမှာ ပါပဲ။

ဖြူနုနေသော သူ့အသားက အခုတော့ ပန်းသွေးရောင်ထလို့ နေ့လယ်ပိုင်းလောက်ကမှ လက် အရှည်ချထားသော ဂျူတီကုတ်က အခုတော့ တံတောင်ဆစ်နားအထိ ခေါက်တင်ထားသည် ။ သူ့ မျက်နှာဆီမှ နွမ်းလျမှုတို့ က အထင်းသား။ အပြုံးရိပ်တို့ မရှိသော နှုတ်ခမ်းတစ်စုံက လူနာနှင့် ပတ်သက်လာလျှင်တော့ စိတ်ပူပန်စွာ ဂရုတစိုက် မှာ ကြားတတ်သည် ။

အဲဒါလေးကပင် စွဲဆောင်မှုတစ်မျိုးလေး ကောင်းနေခဲ့သည် ဟု ပြောရမလား။ သူ့အရိပ် ကလေး ရောက်ရောက်လာတိုင်း သူမရဲ့ မျက်ဝန်းအကြည့်လေးက ထိုနေရာလေးဆီသို့သာ တန်းမတ် စွာ ရောက်သွားတတ်မြဲဖြစ်သည် ။

သူကတော့ သတိထားမိသည့်ဟန်မရှိ။ သူ့အလုပ်တာဝန် အပေါ်မှာသာ အာရုံတွေကို နစ်မြုပ် ထားပုံရသည် ။ သူ့မျက်ဝန်းတွေက တကယ့်ကို အဖြူထည်သက်သက်ပါပဲ။ ထိုအရိပ်အယောင်လေး ဟာ တမင်လုပ်ယူထားသော ဟန်ဆောင်နေခြင်းမျိုးလည်း မဟုတ်ချေ။

ဒေါက်တာကြယ်စင်ဆိုတဲ့ ဆရာဝန်လေးဆီ ခိုးခိုးကြည့်ပြီး တိတ်တဆိတ်လေး ရင်ခုန်ရသူက ခရမ်းပြာပါပဲ။

"ခရမ်း"

"ဟင်"

"ငြိမ်လှချည်လား"

"ငါ အံ့သြနေတာပါ"

"ဘာကိုလဲ"

"အခုလိုနေရာမျိုးကိုရောက်ပြီး အခုလိုမြင်ကွင်းမျိုးတွေ မြင်တွေ့နေရတာပေါ့ စုသဲရယ်"

စုသဲက နားလည်ဟန်နှင့် ခေါင်းတစ်ချက် ဆတ်ခနဲညိတ်သည် ။ သူမအတွက်လည်း အခုလို အခြေအနေမျိုးက ပထမဦးဆုံးအကြိမ် ရင်ဆိုင်ကြုံတွေ့ရခြင်းပဲမဟုတ်လား။ သူငယ်ချင်းဖြစ်သူ အနားမှ အားပေးနှစ်သိမ့်ဖော်ရှိနေလို့ သာပါ။

ခရမ်းက ဒီလိုကျတော့လည်း လူမှုရေးစိတ်ဓာတ် ပြည့်ဝလွန်းပါသည် ။ သူမနှင့်လည်း ဘာမှ ပတ်သက်တာမဟုတ်ပါဘဲ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်ကလေးနှင့် အနားမှာ ရှိနေခဲ့၏။

စုသဲ ခရမ်းပြာကို ကျေးဇူးတင်မိသည် ။

ပထမနှစ်တက္ကသိုလ်စတက်တော့ ခရမ်းပြာနှင့် စုသဲ စာသင်ခန်းတစ်ခန်းထဲ ကျောင်းသူတွေ ဖြစ်ခဲ့ကြသည် ။ မြင့်မားသောအရပ်၊ ဝါဝင်းနုညက်နေသော အသားအရေ၊ တောင့်တင်းသော ခန္ဓာ ကိုယ်လေးနှင့် ချစ်စရာကောင်းလွန်းသော ခရမ်းပြာကို စုသဲစိတ်ထဲ ဘယ်လိုခင်တွယ်နေမိ

သလဲ မသိ တော့။

သူငယ်ချင်း မိတ်ဖွဲ့ဖို့ စုသဲဘက်ကစပြီး ခရမ်းပြာကို ခေါ်မိသည် ။ အင်မတန် ဖော်ရွေသော ခရမ်းပြာကလည်း အသိမရှိတာမို့ စုသဲကို လိုလိုလားလားပင် လက်ခံခဲ့၏။

ထိုအချိန်ကစပြီး ...

စုသဲတို့ နှစ်ယောက် တော်တော်လေးရင်းနှီးကာ ဘယ်သွားသွား ဘယ်လာလာ အမြဲမခွဲ တတွဲတွဲနေခဲ့ကြသည် ။ ကျောင်းပိတ်ရက်ဆိုလျှင်လည်း စုသဲအိမ်ကို ခရမ်းပြာ အလည်လာသလို စုသဲ ကလည်း ခရမ်းပြာတို့ အိမ် အဝင်အထွက်မပြတ်ခဲ့ချေ။

သူမတို့ ရဲ့ ခင်မင်မှုကို လူကြီးတွေကလည်း နှစ်သက်ကြသည် ။ ယုံကြည်စိတ်ချကြ၏။

အခုလည်း ...

စုသဲအမေ ဆေးရုံတက်ရသည့်အတွက် ညစောင့်အဖြစ်ပင် ခရမ်းပြာရဲ့ မိဘတွေက ခွင့်ပြုခဲ့ သည် ။ တကယ့်ကို ကျေးဇူးတင်စရာကောင်းတဲ့သူတွေပါပဲ။ စုသဲ တကယ့်ကို အဖော်မဲ့ပြီး အားကိုး စရာရှာမတွေ့ ဖြစ်နေရတာ မဟုတ်လား။ ခရမ်းပြာသာ မရှိလျှင် တစ်ယောက်တည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းပင် သိမှာ မဟုတ်တော့။

စုသဲတစ်ယောက် အတွေးလေးနှင့်အတူ ပင့်သက်မျှဉ်းမျှဉ်းလေး ခိုးရှိုက်မိသည် ။

လူနာတင်ခုတင်လေးထက်တွင် လဲလျောင်းနေသော အမေ့မျက်နှာဆီ ငုံ့စိုက်ကြည့်မိ၏။ သူမ မျက်ဝန်းအိမ်ထဲ မျက်ရည်လေးများက ဝေ့ဝဲလာပြန်သည် ။

ဒဏ်ရာဒဏ်ချက်တွေနှင့် ဖူးရောင်နေသော အမေ့မျက်နှာကိုကြည့်ကာ သနားစိတ်နှင့်အတူ ဝမ်းနည်းရပြန်သည် ။

“စုသဲ”

“ခရမ်းရယ်”

စုသဲတစ်ယောက် ခရမ်းပြာကိုဖက်ပြီး အသံတိတ် ကြိတ်ငိုမိပြန်ပါသည် ။ အားပေးနှစ်သိမ့် စကားတွေနဲ့ ချော့သူက ခရမ်းပြာပါပဲ။

ထိုညက ...

ခရမ်းပြာနှင့်အတူ လူနာစောင့်ထိုင်ခုံလေးတွင် နှစ်ဦးသား ဘေးချင်းယှဉ်ထိုင်ပြီး တစ်ယောက်တစ်လှည့်စီ အိပ်ရင်းနှင့် အမေ့ကို စောင့်ခဲ့ကြသည် ။

ဆေးအရှိန်ကြောင့် ထင်ပါရဲ့ ။

အမေကလည်း နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျလို့ ။

*